မည်သူမဆို ၎င်း၌ မိမိ၏ညီနောင်အား သူ၏သိက္ခာကိုဖြစ်စေသို့မဟုတ် အခြားတစ်ခုခုကိုဖြစ်စေ

မတရားပြုလုပ်ထားသည်ရှိသော် ရွှေဒင်္ဂါး‌နှင့်

ငွေဒင်္ဂါးနှစ်ခုစလုံး အသုံးမဝင်မည့်နေ့ကို

မရောက်ခင်အလျင် ယနေ့ပင် ထိုမတရားမှုကို

ခွင့်လွှတ်ဖို့ရာအတွက် တောင်းပန်လော့

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို၎င်း၌ မိမိ၏ညီနောင်အား သူ၏သိက္ခာကိုဖြစ်စေ သို့မဟုတ် အခြားတစ်ခုခုကိုဖြစ်စေမတရားပြုလုပ်ထားသည်ရှိသော် ရွှေဒင်္ဂါး‌နှင့် ငွေဒင်္ဂါးနှစ်ခုစလုံး
အသုံးမဝင်မည့်နေ့ကို မရောက်ခင်အလျင် ယနေ့ပင် ထိုမတရားမှုကို
ခွင့်လွှတ်ဖို့ရာအတွက် တောင်းပန်လော့။ (ထိုသို့မတောင်းပန်ခဲ့ပါက) အကယ်၍ ၎င်း၌
ကောင်းမြတ်သောအမလ်များ ရှိခဲ့လျင် ၎င်းမတရားလုပ်ခဲ့သည့် အတိုင်းအတာနှင့်အညီ
ထိုကောင်းမှုထဲမှ နှုတ်ယူခြင်းခံရပေမည်။ အကယ်၍ ၎င်း၌ ကောင်းမှုများမရှိလျင်
သူ့ရဲ့မတရားပြုလုပ်ခြင်းကိုခံရသူ၏ မကောင်းမှုများကို ယူပြီး သူ့အပေါ်၌
ထမ်းရွက်စေခြင်းခံမည်ဖြစ်သည်။ [صحيح] [رواه البخاري]

နဗီတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏မွတ်စ်လင်မ်ညီနောင်တစ်ဦးအားဂုဏ်သိက္ခာ၊ ဥစ္စာပစ္စည်း သို့မဟုတ် အသက်အား မတရားကျူးလွန်ခဲ့သူတိုင်းအားကိယာမသ်နေ့မဆိုက်ရောက်မှီအလျင် ဤဒွန်ယာလောက၌ ရှိနေသေးခိုက် ထိုချိုးဖောက်ခံရသူထံခွင့်လွှတ်ခြင်းကိုတောင်းခံရန် အမိန့်ပေးတော်မူခဲ့သည်။ အကြောင်းမှာ ကိယာမသ်နေ့တွင်မိမိကိုယ်ကို ရွေးယူရန်အတွက်ရွှေဒင်္ဂါးဖြင့်ဖြစ်စေ၊ ငွေဒင်္ဂါးဖြင့်ဖြစ်စေမတရားပြုခံရသူအား လျော်ကြေးပေးခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်မည်မဟုတ်တော့ပေ။အဘယ်ကြောင့်ဆိုသော် ထိုနေ့တွင် ကောင်းမှုကုသိုလ်နှင့် မကောင်းမှုအကုသိုလ်များ၏အစားပေးမှုသာ ရှိမည်ဖြစ်သောကြောင့်တည်း။ မတရားပြုလုပ်ခံရသူသည် ကျူးလွန်သူ၏ကောင်းမှုကုသိုလ်များထဲမှ မိမိအပေါ် ကျူးလွန်ခဲ့သော အတိုင်းအတာနှင့်အညီရယူမည်ဖြစ်သည်။ အကယ်၍ မတရားကျူးလွန်ခဲ့သူ၌ ကောင်းမှုကုသိုလ်များမရှိလျင်မတရားကျူးလွန်ခံရသူ၏ မကောင်းမှုများကို ကျူးလွန်ခဲ့သည့်မတရားမှု၏အတိုင်းအတာနှင့်အညီ မတရားကျူးလွန်ခဲ့သူအပေါ် တင်ပေးခြင်းခံရမည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/5438


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee